ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan(VDP)

## ကြံ့ခင်းမြို့နယ်

၂၀၁၈ ခုနှစ်

ရွှေပန်းတောအုပ်စု၊ မုတ္တုပ်ကျေးရွာ

**မာတိကာ**

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှဉ်းချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တောကြိုးဝိုင်း
ရွှေသမင်သစ်တောကြိုးဝိုင်း
ရေလယ်ကျွန်း
ဧရာဝတီမြစ်
ရခိုင် ပြည် နယ်
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ




ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ

၃။ ရွှေပန်းတောအုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း

**၁။မုန့်ထုတ်ကျေးရွာ**

၂။မင်းတဲကြီးကျေးရွာ

၃။ထန်းကုန်းကျေးရွာ

၄။ရွာသစ်ကုန်းကျေးရွာ

၅။ဂဲကြီးကျေးရွာ

၆။ဂဲကြီးအောက်စုကျေးရွာ

၇။မရမ်းချိုကျေးရွာ

၈။ရွှေပန်းတောကျေးရွာ

ရွှေပန်းတောကျေးအုပ်စုတွင်ကျေးရွာပေါင်း(၈)ရွာဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ရွှေပန်းတောအုပ်စုတွင် မုတ္တုပ်ကျေးရွာ တည်ရှိပါသည်။ ကြံခင်းမြို့၏အနောက်တောင်ဘက် ၄မိုင်ခန့်အကွာ၊ ကြံခင်း-ဘက်ရဲ ကားလမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ အိမ်ထောင်စု(၄၀) စုနှင့် လူဦးရေ (၁၃၅)ဦးရှိပါသည်။ ကုန်းဘောင်ခေတ်မင်းဆက်တစ်ပါး စစ်ပြေးရှောင်ရင်း နမတော်က မုတ္တုပ်ရွာသို့ရောက်ရှိခဲ့ရသည်။ နမတော်က မင်းတဲကြီးရှိ မင်းကြီးထံနှင့် မင်းတဲလေးရွာရှိ မင်းသားထံသို့ မုန့်များကို ဆက်သသောကြောင့် မုတ္တုပ်ရွာဟု အမည်တွင်ခဲ့သည်။

ရွာချင်းဆက်လမ်းများမှာ အနောက်ဘက်တွင် ကုန်းမြင့်ရွာနှင့်ဆက်သွယ်ပြီး အရှေ့ဘက်တွင် ဂဲကြီး-သဲဖြူ ဆက်သွယ်သည့်လမ်းရှိသည်။ ယင်းလမ်းမှ မြောက်ဘက်သို့ ဆက်၍ သွားလျှင် ကြံခင်း-ဘက်ရဲ ကားလမ်းမကြီးသို့ရောက်ရှိသည်။

မုတ္တုပ်ရွာ၏ တောင်ဘက်တွင် ဆည်မြောင်းရှိ၍ ရွာဘေးပတ်လည် လယ်ကွင်းများသို့ ရေလွတ်ပေးသည်။ ရွာ၏ အနောက်ဘက်တွင် ဂါးခြံများ ရှိသည်။ ရွာ၏အနောက်မြောက်ဘက် တွင် တောင်ကုန်း ရှိပြီး တောင်ကုန်းပေါ်တွင် စေတီတဆူကို တည်ထားကိုးကွယ်ထားသည်။ စပါး ကိုသာ အဓိက စိုက်ပျိုးသည်။

မုတ္တုပ်ကျေးရွာတွင် ကျေးရွာတွင်း ဖွဲ့စည်းထားသော ရပ်မိရပ်ဖ အဖွဲ့၊ ဂေါပက အဖွဲ့ လူငယ်အဖွဲ့ ၊ အရံမီးသတ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့တို့ ရှိသည်။ ကျေးရွာ၏အခြေအနေ အချိန်အခါ လိုအပ်ချက်ပေါ်မူတည်ပြီး အဖွဲ့အစည်း တခုနှင့်တခု ချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက် ကြသည်။

မုတ္တုပ်ကျေးရွာ ပညာရေးသင်ယူမှုတွင် မူလတန်း ပညာရေးကို မင်းတဲကြီး မူလတန်းကျောင်းတွင် လည်းကောင်း၊အလယ်တန်း ပညာရေးကို အလက ချောင်းခွကျောင်း တွင် လည်းကောင်း ၊ အထက်တန်းပညာရေးကို အ-ထ-က ချင်းမြောင်ကျောင်းနှင့် အ-ထ-က ကြံခင်းကျောင်းတို့တွင် လည်းကောင်း သွားရောက်ပညာ သင်ကြားကြသည်။ မူကြိုကျောင်းပညာရေး ကို ထန်းကုန်းရွာ ရတနာလွင် မူကြိုကျောင်းတွင် သွားရောက်သင်ကြား ကြသည်။

ကျန်းမာရေးအနေဖြင့် ကျေးရွာဆေးပေးခန်း မရှိဘဲ ကြံခင်းဆေးရုံကြီးသို့ သွားရောက်ဆေးကုသ ကြသည်။ မုတ္တုပ်ကျေးရွာတွင် ဗမာလူမျိုး များသာရှိ၍ ဗုဒ္ဓဘာသာကိုးကွယ် ကြသည်။ ဥပုသ်သီလ ဆောက်တည်ရာတွင် မင်းတဲကြီးကျောင်းသို့ သွားရောက်ကုသိုလ် အမှုပြုကြသည်။

၁၈၈၈/၈၉ ခုနှစ်တွင် တပ်မတော်မှ ကွေ့မအုပ်စုမှ ကလို့ကွင်းအုပ်စု ထိ စစ်လမ်းကြောင်း ဖောက်လုပ်ခဲ့ရာ လမ်းပန်းဆက်သွယ်ရေး တိုးတက် ကောင်းမွန်လာခဲ့ရသည်။ ကူးသန်းရောင်းဝယ်ရေး အဆင်ပြေခဲ့သည်။


## ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၅-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၆ | ၆ | ၁၂ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၅-၉-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၉ | ၄ | ၁၃ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၅-၉-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | ၆ | ၁၉ | ၂၅ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၅-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၆ | ၁၉ | ၂၅ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၈-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၆ | ၁၉ | ၂၅ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်ရေးရရှိ<br>နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၈-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၆ | ၁၉ | ၂၅ | -အရင်းမြစ်များပေါ် တွင်(အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၈-၉-၂၀၁၇ | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | ၆ | ၁၉ | ၂၅ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၈-၉-၂၀၁၇ | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | ၆ | ၁၉ | ၂၅ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု။ |
| ၉။ | ကျေးရွာဦးစားပေးလုပ်ငန်း | ၂၈-၉-၂၀၁၇ | ကော်မတီဝင်များ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၆ | ၁၉ | ၂၅ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

မုတ္တုပ်ကျေးရွာ၏ ကျေးရွာတည်ရှိပုံ ၊ လမ်းအနေအထား ၊ သဘာဝအရင်း အမြစ်များ ၊ အခြေခံအဆောက် အဦးများနှင့် ဝန်ဆောင်မှုများကို ကျေးရွာလူထု ကိုယ်တိုင် သိရှိစေရန် နှင့် ထိုအရင်းအမြစ်များကို အသုံးချတတ်စေရန် ဖြစ်ပါသည်။

## အခြေခံအဆောက်အဦး

မုတ္တုပ်ကျေးရွာနှင့် ကုန်းမြင့်ကျေးရွာ၊ ဘီလပ်မြေသို့ ဆက်သွယ်သွားလာသည့် လမ်းတွင် လမ်းကူး ဂုံးကျော်တံတား တည်ရှိပြီး မိုးတွင်းကာလ သွားလာရေး ခက်ခဲသည့်အတွက် ရွာချင်းဆက် ဂုံးကျော်တံတား ပြုပြင်ရန် လိုအပ်ကြောင်း သိရှိရပါသည်။ လူမှုအရင်း အမြစ်ပြမြေပုံအရ ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ စာကြည့်တိုက်၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦး များကို မတွေ့ရ၍ ကျေးရွာ၏ လိုအပ်သော အခြေခံအဆောက်အဦးများ ကို မတွေ့ရ၍ ကျေးရွာ၏ လိုအပ်သော အခြေခံအဆောက်အဦးများကို ရပ်ရွာလူထုမှ သိမြင်သုံးသပ် နိုင်ခဲ့ပါသည်။


## စီးပွားရေးနှင့် အရင်းအမြစ်

အဓိက စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေး ဖြစ်သည်။ ရွာ၏ အနောက်ဘက်တွင် ဝါးခြံများ ရှိသည်။

မုတ္တုပ်ကျေးရွာ၏ နောင်(၅)နှစ်တာ ကျေးရွာဖွံ့ဖြိုးရေး အတွက် မျှော်မှန်းချက်၊ လိုအပ်သော လုပ်ငန်းများ ရွေးချယ် ဖော်ထုတ်ရာတွင် အသေးစိတ်နေရာ အနေအထား၊ လျာထားမှု၊ ရွာရှိ အရင်းအမြစ်များ လုံလောက်စွာ အသုံးချနိုင်မှု စသည့်အချက် အလက်များကို သိမြင်ဖော်ထုတ် နိုင်ခဲ့ပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>




ရာသီခွင်ပြ ပြက္ခဒိန်

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

လယ်ယာလုပ်ငန်းနှင့် ဝါးခြမ်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အခြားဝင်ငွေရ အိမ်မွေးတိရစ္ဆာန်နှင့် တောင်ယာပဲခင်း၊ ဝါးတောလယ်တောများကို အမှီပြု၍ ရှာဖွေ စားသောက်ကြပါသည်။

လယ်ယာနှင့် ဝါးခြမ်းကို အမှီပြုပြီး လက်လုပ်လက်စားများ ရှိကြပါသည်။ လက်လုပ် လက်စားများသည် နေ့စဉ်ဝင်ငွေ (၂၀၀၀) မှ(၅၀၀၀)အထိ ရရှိပြီး လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် ဝင်ငွေပိုမို ရရှိသော်လည်း ကုန်ဈေးနှုန်းမြင့်မားမှု ကြောင့် ဝင်ငွေနှင့် ထွက်ငွေ မမျှတသေးပါ။


ရာသီပွဲတော်များလည်း ကျင်းပကြပါသည်။သောက်သုံးရေမှာ ရှားပါးပါသည်။ရေကြီးချိန်တွင် ပိုမို ရှားပါးပါသည်။လမ်းပန်းဆက်သွယ်ရေးမှာ ရေကြီးချိန်များတွင် မကောင်းပါ။ ရွာချင်းဆက်လမ်းများမှာ မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။

တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လ များတွင် လုပ်ငန်းများအားလပ်ပြီး ကျပန်းလုပ်ငန်းကို လုပ်ကိုင်ကြ ပါသည်။

သဘာဝ ဘေးဒဏ်များကို မိုးကာလတွင် နှစ်စဉ်ကြုံတွေ့ရပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>




လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ကျေးရွာတွင် ဥစ္စာဓနအဆင့်များကို ကျေးရွာ၏ သဘောတူညီချက်ဖြင့် အဆင့်(၄)ဆင့် သတ်မှတ် ခဲ့ပါသည်။

အဆင့်(က) ချမ်းသာအဆင့်တွင် အိမ်ထောင်စု(၁၇)စုရှိပြီး ကျေးရွာ၏ သာရေး နာရေးတို့ကို ဦးဆောင် နေပါသည်။

အဆင့်(ခ)တွင် အိမ်ထောင်စု(၁၁)စု ရှိပါသည်။ကျေးရွာ၏ အသင့်အတင့် အဆင့်တွင်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်နိုင်သလောက် ကူညီပေးသူများ ဖြစ်ကြပါသည်။

အဆင့်(ဂ)တွင် အိမ်ထောင်စု (၉)စုရှိပြီး ကျေးရွာ၏ စီးပွါးရေးမှာ မပြေလည်သော အဆင့်တွင် တည်ရှိပါသည်။ နေ့စားလုပ်ကိုင်သူများရှိသလို ကိုယ်ပိုင် တစ်နိုင်တစ်ပိုင် စီးပွါးရေး လုပ်ကိုင်သူများ လည်း ရှိပါသည်။

ကျေးရွာ၏ နွမ်းပါးအဆင့်(ဃ)တွင် အိမ်ထောင်စု (၁)စု ရှိပါသည်။နွမ်းပါးမိသားစုများမှာ ပုံမှန် ဝင်ငွေမရှိပဲ ကျပန်း လုပ်ငန်းကိုသာ လုပ်ကိုင်ရခြင်း ၊အလုပ်အကိုင်နည်းပါးခြင်း ၊အသိပညာ ဗဟုသုတ နည်းပါးခြင်း တို့ကြောင့် နွမ်းပါးရခြင်း ဖြစ်ပါသည်။

ကျေးရွာ၏ အဓိကလုပ်ငန်းများကို ရွေးချယ်ရာတွင် ကျေးရွာ၏နွမ်းပါးအဆင့်ကို ဦးစားပေး စဉ်းစားရေးဆွဲခဲ့ပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ကျေးရွာ၏ နွမ်းပါးသူများဝင်ရောင် လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများ ရရှိလာမည် ဖြစ်သည်။ ဝင်ငွေများရရှိလာပြီး နည်းပညာပိုင်းမှာပါ အထွေထွေ ဗဟုသုတများပါ အကျိုးခံစားခွင့် များပါ ရရှိလာ မည်ဟု သုံးသပ်မိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

မုတ္တလုပ်ကျေးရွာ၏ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့်ပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပုံများကို ကျေးရွာလူထုမှ သိသာပေါ်လွင် စေရန် နှင့် လိုအပ်ပါက အဖွဲ့အစည်း များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက် နိုင်ရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။

ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးအဖွဲ့သည် အဓိက ကျသောအဖွဲ့ဖြစ်ပြီး မီးသတ်အဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့အစည်း တို့နှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိကြသည်။ကျေးရွာ၏ သာရေးနာရေး ကိစ္စများတွင် ဦးစီးဆောင်ရွက်သော လူငယ်အဖွဲ့ရှိပြီး ဘာသာရေး ကိစ္စများကို ဆောင်ရွက်ရန် အတွက် ဂေါပက အဖွဲ့လည်း ရှိသည်ကို တွေ့ရသည်။


ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လူထုဗဟိုပြုစီမံကိန်းမှ ဖွဲ့စည်းပေးထားသော ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင် အဖွဲ့အစည်း ရှိပြီး ကျေးရွာ၏ အုပ်ချုပ်ရေး အဖွဲ့နှင့် လိုအပ်ပါက ညှိနှိုင်းချိတ်ဆက်ဆောင် ရွက်ကြသည်။


မြို့နယ်အဖွဲ့အစည်း များဖြစ်သော မြို့နယ်အုပ်ချုပ် ရေးဦးစီးဌာန၊ မီးသတ် ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်လူထု ဗဟိုပြု စီမံကိန်းရုံးတို့နှင့် လဲ ချိတ်ဆက်မှု ရှိနေသည်ကို တွေ့ရသည်။

မုတ္တလုပ်ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံ ရေးဆွဲရာတွင် အမျိုးသား ၆ဦး ၊ အမျိုးသမီး ၁၉ဦး ၊ စုစုပေါင်း ၂၅ဦးတို့တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>




အရင်းအမြစ်များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

## အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

မုတ္တလုပ်ကျေးရွာ၏ သဘာဝနှင့် လူမှုအရင်းအမြစ်များ လက်လှမ်းမှီမှု အသုံးပြုမှုတို့တွင် အမျိုးသား၊ အမျိုးသမီး တို့ အသုံးပြုနေမှုများကို မေးမြန်းဖော်ထုတ်ပြီး ကွာခြားမှုများကို သိသာပေါ်လွင် စေရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။


အမျိုးသားများသည် လယ်ထွန်စက်၊ ဂွန်ဒေါင်း စသောလူမှုအရင်းအမြစ် များကို သုံးကြပြီး အပ်ချုပ်စက်ကို အမျိုးသမီးများက အသုံးပြုကြသည်။လယ်၊ ရေတွင်း ၊ရေတုံကင်၊ဆိုင်ကယ် ၊ စက်ဘီး၊ နွား၊ ကြက်၊ ဝက်၊ ချွေလှေ့စက်၊ ဝါးခြံ စသော အရင်းအမြစ်များကို အမျိုး သား၊အမျိုးသမီးတို့အားလုံး လက်လှမ်းမှီ အသုံးပြုကြသည်။

အသုံးပြုရာတွင် တန်းတူညီမျှစွာ သုံးစွဲနေကြသော်လည်း ထိန်းချုပ်မှုနှင့် ဆုံးဖြတ်ချက်ချမှု တို့တွင် အမျိုးသားများကသာ ထိန်းချုပ်ထားသည်ကို သုံးသပ်တွေ့ရသည်။

မုတ္တလုပ်ကျေးရွာရှိ သဘာဝအရင်းအမြစ်နှင့် လူမှုအရင်းအမြစ်များကို အမျိုးသားများကသာ အများဆုံး ထိန်းချုပ်ကြပြီး ဆုံးဖြတ်ချက်ချနိုင်မှုတို့ ရှိနေသည်ကို တွေ့ရသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>




ပင့်ကူအိမ်ကွန်ယက်

ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

မုတ္တုပ်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ် လူနေမှုဘဝ နေထိုင်မှုတွင် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍ၊ အမျိုးသမီးများ ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့အစည်း အခြေအနေ တို့ကို သိသာပေါ်လွင်စေရန်အတွက် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်သည်။

အုပ်ချုပ်မှုတွင် အမျိုးသား ၆၀%၊ အမျိုးသမီး ၅၀% ရှိပြီး ၊ အုပ်ချုပ်ရေးတွင် အမျိုးသား ၊အမျိုးသမီးတို့ ကွာခြားမှုအနည်းငယ်သာ ရှိသည်။

အဖွဲ့အစည်း ပူးပေါင်းမှုတွင် အမျိုးသား ၇၀%၊ အမျိုး သမီး ၇၀%ရှိပြီး ပါဝင်ဆောင်ရွက်မှု တန်းတူညီမျှ ရှိသည်။

အိမ်တွင်းမှုတွင် အမျိုးသား၅၀%၊ အမျိုးသမီး ၈၀%ရှိပြီး အမျိုးသမီးများသည် အိမ်တွင်းမှုကိစ္စ များတွင် အချိန်ကုန်ဆုံးကြသည်။

ပညာရေး လက်လှမ်းမှီမှုတွင် အမျိုးသား၇၀%၊ အမျိုးသမီး ၆၀%ရှိပြီး အနည်းငယ်သာ ကွာခြားသည်။

ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသား၇၀% ၊ အမျိုးသမီး ၅၀% ရှိပြီး အမျိုးသားများက ဝင်ငွေပိုရှာ ဖွေနိုင်ကြသည်။


အရင်းအမြစ် အသုံးချမှုတွင်လည်း အမျိုးသားများက အသုံးပြုမှု ပိုမိုရှိနေသည် ကို သုံးသပ်တွေ့ရသည်။

ယုံကြည်မှု ၊လုံခြုံမှုတွင် အမျိုးသားများက ပိုမိုယုံကြည်လုံခြုံမှုရှိပြီး အလုပ်အကိုင် အခွင့် အလမ်း တွင်လည်း အမျိုးသား များကသာ အခွင့်အလမ်း ပိုရသည်ကို တွေ့ရသည်။

မုတ္တုပ်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက် ရေးဆွဲရာတွင် အမျိုးသား၆ဦး၊ အမျိုးသမီး ၁၉ဦးတို့ တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်</u>




အခက်အခဲ ပြဿနာများ

## အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

**အမျိုးသားများမှ တင်ပြသော အခက်အခဲ ပြဿနာများ**


- အလုပ်အကိုင် နဲပါးခြင်း
- လျှပ်စစ်မီး မရှိခြင်းကြောင့် ချက်ရေးပြုတ်ရေး အခက်အခဲ ရှိခြင်း
- ပညာရေး မပြည့်စုံခြင်း
- လူမှုရေး နှင့် ကျန်းမာရေး ခက်ခဲခြင်း
- အသေးစားငွေချေးလုပ်ငန်း မရှိခြင်း
- ငွေကြေးမပြည့်စုံခြင်း တို့ဖြစ်သည်။

**အမျိုးသမီးများ မှ တင်ပြသောအခက်အခဲပြဿနာများ**

- အလုပ်အကိုင် ရှားပါးခြင်း
- စာကြည့်တိုက်မရှိခြင်းကြောင့် ဗဟုသုတ အသိပညာနဲပါးခြင်း
- ဝင်ငွေ၊ထွက်ငွေ မမျှတခြင်း
- လျှပ်စစ်မီး မရှိခြင်းကြောင့် ကျောင်းသား၊ကျောင်းသူများ စာကျက်ရာတွင်ခက်ခဲခြင်း၊ မီးဖိုနှင့်ထမင်းဟင်းချက်ရာတွင် ထင်းရှားပါးခြင်း တို့ဖြစ်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဇ) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ကျေးရွာမျှော်မှန်းချက်

## ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက် )

**အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ**


- ကွန်ကရစ် မီးတိုင်နှင့် ခြံစည်းရိုးအကာများညီညွတ်စွာ ရှိချင်ပါတယ်။
- မီးသတ်ရေကန်နှင့် ရေတင်စက်
- အသေးစားချေးငွေလုပ်ငန်း လိုချင်ပါတယ်။
- ကျန်းမာရေးဆေးခန်းနှင့် ဆရာ၊ဆရာမများ လိုချင်ပါတယ်။
- လျှပ်စစ်မီးနှင့် မီးတိုင်များ လိုချင်ပါတယ်။


**အမျိုးသမီးများမှတင်ပြသော မျှော်မှန်းချက်များ**

- ကတ္တရာလမ်းဖြစ်ချင်တယ်။
- မီးသတ်ရေကန် ရှိချင်တယ်။
- ဆေးပေးခန်းရှိရမည်။
- လျှပ်စစ်မီးလင်းစေချင်ပါတယ်။
- စာကြည့်တိုက် ရှိချင်ပါတယ်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၅) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်






ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

**အမျိုးသားများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- မီးသတ်ရေကန်နှင့် ရေတင်စက်(ဂါလံ ၅၀၀၀ဆန့်)
- စက်ရေတွင်း(တွင်းတိမ်)
- ကွန်ကရစ်တိုင်နှင့် ခြံစည်းရိုး
- လျှပ်စစ်မီး
- အသေးစားချေးငွေလုပ်ငန်း
- မျိုးစပါး(သန့်)ကောင်းများ၊လိုအပ်သည့်မြေဩဇာများ
- လယ်ထွန်စက်ကြီးများ

**အမျိုးသမီးများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- လျှပ်စစ်မီးလင်းရေး
- မီးသတ်ရေကန်(တွင်းတိမ်၊ရေစက်ရှိ)
- ရွာတွင်းမှရွာပြင်ထိ ချောင်းကျောက်ခင်းခြင်း
- မွေးမြူရေးလုပ်ငန်း
- စိုက်ပျိုးရေးအတွက် စပါး မျိုးကောင်းမျိုးသန့်

## ၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





၈. ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ရွှေပန်းတော ကျေးရွာ။ ။ မုတ္တုပ်

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၅-၉ -၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးသိန်းဝင်း | ၀၉၂၅၀၅၇၈၄၄၃ | ၂၀၁၆ |
| ၂ | | ဥက္ကဌ | ဒေါ်ရီရီထွန်း | ၀၉၇၆၇၂၆၄၅၇၀ | ၂၀၁၆ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းဇော်ဦး | ၀၉၂၅၁၁၁၄၈၉၆ | ၂၀၁၆ |
| ၄ | | အဖွဲ့ဝင် | ဦးဌေးဝင်း(၂) | ၀၉၄၀၀၀၃၀၀၀၃ | ၂၀၁၆ |
| ၅ | | အဖွဲ့ဝင် | ဒေါ်အေးနန္ဒာဝင်း | ၀၉၂၅၀၇၄၀၄၂၈ | ၂၀၁၈ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ကျော်ကျော် | ၀၉၇၈၉၆၅၀၂၆၂ | ၂၀၁၆ |
| ၇ | | အဖွဲ့ဝင် | ဒေါ်စန္ဒာဝင်း | ၀၉၇၈၄၇၇၀၉၃၃ | ၂၀၁၈ |
| ၈ | | အဖွဲ့ဝင် | ဒေါ်ဇာဇာဝင်း | ၀၉၄၅၉၆၆၇၁၈၂ | ၂၀၁၆ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်မိုးသက် | - | ၂၀၁၆ |
| ၁၀ | | အဖွဲ့ဝင် | ဦးအောင်ဆွေလတ် | ၀၉၇၉၂၉၃၃၄၉၇ | ၂၀၁၆ |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်ဝေမာဖြိုး | ၀၉၇၆၂၄၆၇၅၅၄ | ၂၀၁၇ |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်မြင့်မြင့်ခိုင်(၂) | ၀၉၂၆၄၇၀၇၂၇၉ | ၂၀၁၈ |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးသောင်းရှိန် | ၀၉၂၅၂၂၅၈၆၄၆ | ၂၀၁၈ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်နွယ်နွယ်ဝင်း | ၀၉၂၅၂၄၂၃၃၀၉ | ၂၀၁၆ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဝင်းနိုင် | ၀၉၂၅၂၄၂၃၃၀၉ | ၂၀၁၆ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ခင်မိုးသွင် | ၀၉၂၅၂၂၅၈၆၄၆ | ၂၀၁၆ |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်အေးမြတ်မွန်

လက်ထောက်နည်းပညာမှူး - ဒေါ်မေသူဝင်းရွှေ

## ၉. ကျေးရွာအချက်အလက် (ပုံစံ- ၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ရေး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးဂေးထွန်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၄- | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်အေးအောင်ကြည် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု/ရပ်ကွက်/တော — ကျေးရွာ– ဖျာပုံကွင်း |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၀ | ဘာသာ (၁) ဗုဒ္ဓ | ၄၀ |
| လူမျိုးစု (၂) ---------- | | ဘာသာ (၂) ---------- | |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | [illegible]၂ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃ | | ၁၁ |
| ဝစ်ဘေးရှောင် | - | | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၅ | ၇၀ |
| လူမျိုးစု (၁) ဗမာ | ၆၅ | ၇၀. |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၃ | ၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | ဝလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား [illegible] |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃မိနစ်------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ ✓
အခြား -------------------

မိုးရာသီတွင်ကြာချိန်------၅မိနစ်-------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား၊

☐ မရှိပါ ✓☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]
၂၀၀၆- [illegible]

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ


လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ........မရှိပါ........

(၂) ............................

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးဖေးထွန်း |
| | လက်မှတ် [signature] ရက်စွဲ ၂၅.၈.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ဖေးခက်ညွှန့် |
| | လက်မှတ် [signature] ရက်စွဲ ၂၅.၈.၂၀၁၇ |

# ၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)



## လူထုဝယ်ဂိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ [illegible] အစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ [illegible] လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ [illegible] အစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းစွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းစွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးသုံးသပ်အစည်းအဝေး | | | | | | |

## ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)

လူထုဗဟိုပြု စီမံကိန်း စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်စွက်ရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဇေးမြတ်မွန် |
| နေ့စွဲ ၂၅-၉-၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) √ □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင်း — ကျေးရွာအုပ်စု ရွှေမြို့တော — ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | အလုပ်အကိုင်နည်းပါးခြင်း | ၁ | အလုပ်အကိုင် ရှားပါးခြင်း |
| ၂ | လျှပ်စစ်မီးမရှိသောကြောင့် [illegible] ပညာရေး မပြည့်စုံခြင်း | ၂ | လျှပ်စစ်မီးမရှိသောကြောင့် [illegible] ဝင်ငွေရှားပါးခြင်း |
| ၃ | အသေးစားချေးငွေလုပ်ငန်း မရှိခြင်း | ၃ | ဝင်ငွေထွက်ငွေ မမျှတခြင်း |
| ၄ | ငွေကြေးမပြည့်စုံခြင်းကြောင့် [illegible] | ၄ | လျှပ်စစ်မီးမရှိသောကြောင့် ကျောင်းသား/သူများ စာကျက်ရာတွင် ခက်ခဲခြင်း |
| ၅ | | ၅ | စာကြည့်တိုက်မရှိသောကြောင့် ဗဟုသုတ၊ အသိအမြင် နည်းပါးခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကွန်ကရစ်[illegible] သွားလာရန်လွယ်ကူ လိုချင်ပါတယ်။ | ၁ | ကတ္တရာလမ်း ခင်းချင်တယ်။ |
| ၂ | မီးသတ်ရေကန်[illegible] လိုချင်ပါတယ် | ၂ | မီးသတ်ရေကန် ရှိချင်တယ်။ |
| ၃ | အသေးစားချေးငွေလုပ်ငန်း လိုချင်ပါတယ်။ | ၃ | ဆေးပေးခန်း ရှိချင်တယ်။ |
| ၄ | ကျန်းမာရေး[illegible] လိုချင်ပါတယ်။ | ၄ | လျှပ်စစ်မီး လင်းစေချင်တယ်။ |
| ၅ | လျှပ်စစ်မီး[illegible] လိုချင်သည်။ | ၅ | စာကြည့်တိုက် ရှိချင်တယ်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဥ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဥ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
| --- | --- | --- | --- | --- |
| ၁ | ဆင်ဂျုံဆီးလမ်းရေး | ကျား + မ | ( ၅၇ ) သိန်း | ၁၃၅ |
| ၂ | ရွာတွင်း / မြစ်ကမ်းကာရံခြင်း လမ်း | ကျား + မ | (၃၀၀) သိန်း | ၁၃၅ |
| ၃ | ရွာတွင်း / မြစ်ချောင်းကျောက် ခင်းလမ်း | ကျား + မ | ( ၃၀ ) သိန်း | ၁၃၅ |
| ၄ | ဘက်စုံသုံး ရေကန်ရေတွင်း (ဆူးပါတိုင် ) ၁ စက် | ကျား + မ | ( ၄၅ ) သိန်း | ၁၃၅ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဥ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဥ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
| --- | --- | --- | --- |
| ၁ | အသေးစားချေးငွေလုပ်ငန်း | ကျား | |
| ၂ | ဈေးဆိုင်ရေး လျှပ်စစ် | ကျား + မ | |
| ၃ | ကြိုးဝိုင်း(သင့်)ကောင်းများ | ကျား + မ | |
| ၄ | လယ်ယာထွန်စက်ကြီးများ | ကျား | |
| ၅ | မြေဩဇာများ | ကျား | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသိန်းဝင်း ............ လက်မှတ် ............ [signature] ............ ရက်.စွဲ ၂၅ - ၆ - ၂၀၁၇ ............

ဒေါ်ရီရီဝင်း

## ၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။* | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်မေသူဇင်းရွှေ ၊ ဒေါ်အေးမြတ်မွန် | | |
| နေ့စွဲ ၁. ၁၀. ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ၁ မင်းတဲကြီးကျေးရွာ | အင်ဂျင်မီး၊ မီးစက်ရုံ၊ မီးတိုင် နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)ခု 10 kw လျှပ်စစ်ဓာတ်အားပေးစက် (၈'×၅'×၆') မီးကြိုး (၂၄၀၀') | ၁၃၀ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | (၅၁၅) သိန်း | | - | | (၅၁၁) သိန်း |
| ၂ တဲကုန်း | အင်ဂျင်မီး၊ မီးစက်ရုံ၊ မီးတိုင် နှင့် မီးကြိုး | 25 Hp အင်ဂျင်၊ (၁)ခု 10 kw လျှပ်စစ်ဓာတ်အားပေးစက် (၈'×၅'×၆') မီးကြိုး (၃၆၀၀') | ၃၄၆ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | [၅၀.၂] သိန်း | | (၈.၈) သိန်း | | (၅၉) သိန်း |
| ၃ မုန့်တုတ် | အင်ဂျင်မီး၊ မီးစက်ရုံ၊ မီးတိုင် နှင့် မီးကြိုး | 25 Hp အင်ဂျင်၊ (၁)ခု 10 kw လျှပ်စစ်ဓာတ်အားပေးစက် (၈'×၅'×၆') မီးကြိုး (၃၄၀၀') | ၁၃၅ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | [၅၇] သိန်း | | - | | (၅၇) သိန်း |

လူထုဗဟိုပြုဝီစီမံကိန်း၊စီမံကိန်းလကြွ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ④ ရွာသစ်ကျေး | အင်ဂျင်စက်၊ ဓါးခုတ်စုံ ဆော်ဝိုင် နှင့်ဓါးကြီး | 25Hp အင်ဂျင်၊(၁၄) 10 ပါဝါ ရိုင်ဖယ်၊ (၈'×၅'×၆') (၂၆၀၀၀/၁) | ၁၀၃ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်<br>အမျိုးသမီး | [၅၃] သိန်း | | – | ၅၃ သိန်း |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး.သိန်းဝင်း ၊ ၁၄/သဝင.သဝင.(နိုင်)

လက်မှတ် [signature] ရက်စွဲ ၁. ၁၀. ၂၀၁၇

၁၃. အစည်းအဝေးမှတ်တမ်းများ

**လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု -ရွှေပန်းတော**

**ကျေးရွာ -မုတ္တုပ်**

**ကျေးရွာ(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** **ရက်စွဲ ၂၅- ၉-၂၀၁၇**

အစည်းအဝေးကို နေ့လည်(၉း၀၀) နာရီတွင်စ တင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာအုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဌေးဝင်းမှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း၊ တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာ အုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြ သည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက် လုပ်ငန်းများကို စီမံကိန်း အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသ ဖြင့်အမှာစကား ပြောကြားခဲ့ပါသည်။

(၉း၁၅) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြား ရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်းမိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရား များ၊စီမံကိန်းတွင်လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ အကြံပြုတိုင်ကြားရေးစနစ် အကြောင်း စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

နေ့လည် (၁၀း၀၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည် ဖြစ်၍ စေတနာဝန်ထမ်းများ၏ တာဝန် ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျ သောလျှို့ဝှက်စနစ်အကြောင်း ထပ်မံ ရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ (၁၀း၃၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင်များ၏ တာဝန်ဝတ္တရား များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

၁၁နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဥ်များ (လူမှု နှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊ ဥတုစာရင်း စံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ်ချက်များသည် ဒုတိယနှစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသောအကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှု မရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရပါ သည်။

နေ့လည် (၁၁း၃၀) နာရီတွင် ကျေးရွာဖွံ့ဖြိုးရေးစာအုပ် အကြောင်းကို ရှင်းပြခဲ့ပြီး၊ လက်ထောက် နည်းပညာမှူးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ရှင်းပြခဲ့ပါ သည်။ ထို့နောက် သဒ္ဒမ္မရာအင်းလေးကွက်သစ်ကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများ အကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက်များကို ထပ်မံထည့်သွင်း ဖော်ပြ ခဲ့ကြပါသည်။ ကျေးရွာ မျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်း (၃)ခု ထွက်လာခဲ့ပြီး၊ ဦးစားပေး အဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက် အရ၊ ဦးစားပေးလုပ်ငန်း (၃)ခု ရရှိခဲ့ပါသည်။

ညနေ (၁၂း၃၀) နာရီတွင် ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနှစ်စက်ဝန်း) အား အောင်မြင်ပြီးမြောက်ခဲ့ပြီး၊ ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေးအား ပိတ်သိမ်းခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

**ဒေါ်အေးမြတ်မွန်**

# ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းရွာပြင်ကွန်ကရစ်လမ်း | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ရွာတွင်းရွာပြင်ချောင်းကျောက်လမ်း | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ဘက်စုံသုံးရေကန်၊ရေတွင်း(တွင်းတိမ်၊စက်) | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ ဝင်ငွေတိုးမြှင့်ရေး | ၁ | မွေးမြူရေးလုပ်ငန်း | ကျား+မ | ၂၀၁၉ | | |
| | ၂ | မျိုးစပါးသန့်ကောင်းများ | ကျား+မ | ၂၀၂၀ | | |
| | ၃ | လယ်ယာထွန်စက်ကြီးများ | ကျား | ၂၀၂၀ | | |
| | ၄ | မြေသြဇာများ | ကျား | ၂၀၂၀ | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | အင်ဂျင်မီးလင်းရေး | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | အသေးစားချေးငွေလုပ်ငန်း | ကျား+မ | ၂၀၂၀ | | |
| | | | | | | |
| | | | | | | |